# မမျှော်လင့်သော ဆေးဝါးကုသမှုငွေတောင်းခံလွှာများနှင့် ပတ်သက်၍ သင့် အခွင့်အရေးနှင့် အကာအကွယ်များ

သင် အရေးပေါ် စောင့်ရှောက်ကုသမှုကို ရရှိသောအခါ သို့မဟုတ် ကွန်ရက်တွင်း ဆေးရုံ သို့မဟုတ် နေ့ချင်းပြန်ခွဲစိတ်ကုသရေးဌာနတစ်ခုခုတွင် ကွန်ရက်ပြင်ပ စောင့်ရှောက်မှုပေးသူထံမှ ကုသမှု ခံယူသောအခါ သင့်ကို မမျှော်လင့်သော ငွေတောင်းခံခြင်း သို့မဟုတ် လက်ကျန်ငွေတောင်းခံခြင်းမှ ကာကွယ်ပေးပါသည်။

**"လက်ကျန်ငွေတောင်းခံခြင်း" (တစ်ခါတစ်ရံ "မမျှော်လင့်သော ငွေတောင်းခံခြင်း" ဟု ခေါ်ကြသည်) ဆိုတာဘာလဲ။**

ဆရာဝန် သို့မဟုတ် အခြား ကျန်းမာရေးစောင့်ရှောက်မှုပေးသူတစ်ဦးထံ သင် သွားရောက်ပြသသောအခါ အခြားကုသစရိတ်ငွေပေးချေမှု၊ လက်ကျန်တောင်းခံငွေ ပေးချေမှု နှင့်/သို့မဟုတ် ဝန်ဆောင်မှုယူရန် တောင်းခံသည့်စရိတ်အား ပေးချေမှုများကဲ့သို့ ကိုယ်တိုင်စိုက်ထုတ်ပေးချေရသည့် ကုန်ကျစရိတ်အချို့ကို သင် ပေးဆောင်ရနိုင်ပါသည်။ သင့်ကျန်းမာရေးအစီအစဉ်၏ ကွန်ရက်ထဲတွင်မပါသော စောင့်ရှောက်မှုပေးသူတစ်ဦးထံ သွားရောက်ပြသပါက သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဌာနသို့ သွားရောက်ပါက သင့်အတွက် အခြားကုန်ကျစရိတ်များ ရှိနိုင်သည် သို့မဟုတ် ထိုအတွက် ကျသင့်ငွေအားလုံးကို ပေးဆောင်ရမည် ဖြစ်သည်။

"ကွန်ရက်ပြင်ပ" ဆိုသည်မှာ သင့်ကျန်းမာရေးအစီအစဉ်နှင့် စာချုပ်မချုပ်ဆိုရသေးသော အခြားဝန်ဆောင်မှုပေးသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနများကို ဆိုလိုသည်။ ကွန်ရက်ပြင်ပမှ ဝန်ဆောင်မှုပေးသူများသည် သင့်အစီအစဉ်မှ ပေးချေရန် သဘောတူထားသည့် ပမာဏနှင့် ဝန်ဆောင်မှုအတွက် တောင်းခံသည့် စုစုပေါင်းငွေပမာဏအကြား ကွာခြားချက်အတွက် သင့်အား ဘေလ်တောင်းခံပိုင်ခွင့် ရှိနိုင်ပါသည်။ ၎င်းကို “**လက်ကျန်ငွေတောင်းခံခြင်း**” ဟု ခေါ်သည်။ ၎င်းပမာဏသည် တူညီသောဝန်ဆောင်မှုအတွက် ကွန်ရက်တွင်း ကုန်ကျစရိတ်ထက် ပိုများနိုင်ဖွယ်ရှိပြီး သင်၏နှစ်စဉ် ကိုယ်တိုင်စိုက်ထုတ်ပေးချေရသော ကန့်သတ်ချက်ထဲတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပါ။

"မမျှော်လင့်ထားသော ငွေတောင်းခံခြင်း" သည် မျှော်လင့်မထားဘဲ လက်ကျန်ငွေတောင်းခံခြင်း ကို ဆိုလိုသည်။ သင့်အား စောင့်ရှောက်ကုသပေးရာတွင် မည်သူတို့ပါဝင်မည်ဖြစ်ကြောင်း သင် မထိန်းချုပ်နိုင်သည့်အခါ— ဥပမာ သင့်တွင် အရေးပေါ်အခြေအနေရှိသည့်အခါ သို့မဟုတ်

ကွန်ရက်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနတစ်ခုသို့ သွားရောက်ရန် အချိန်ဇယားဆွဲထားသော်လည်း ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူက မမျှော်လင့်ဘဲ ကုသပေးသည့်အခါတွင် ယခုကဲ့သို့ ဖြစ်ပေါ်နိုင်သည်။

## လက်ကျန်ငွေတောင်းခံခြင်းမှ သင်အကာအကွယ်ရသည့် အရာများမှာ-

**အရေးပေါ်ဝန်ဆောင်မှုများ**

သင် အရေးပေါ်ကျန်းမာရေးအခြေအနေ ကြုံတွေ့ပြီး ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဌာနထံမှ အရေးပေါ်ဝန်ဆောင်မှုများ ခံယူရပါက ဝန်ဆောင်မှုပေးသူ သို့မဟုတ် ဌာနမှ သင့်ကို အများဆုံးတောင်းခံနိုင်သည့် ပမာဏမှာ သင့်အစီအစဉ်၏ကွန်ရက်တွင်း ကုန်ကျစရိတ်ခွဲဝေကျခံမှု ပမာဏ (ဥပမာ- အခြားကုသစရိတ်ငွေပေးချေမှု၊ လက်ကျန်တောင်းခံငွေအား ပေးချေမှုကဲ့သို့သော) ဖြစ်သည်။ ဤအရေးပေါ်ဝန်ဆောင်မှုများအတွက် သင့်အား လက်ကျန်ငွေတောင်းခံ၍ **မရပါ။** အခြေအနေတည်ငြိမ်ပြီးနောက်ပိုင်း ဝန်ဆောင်မှုများအတွက် လက်ကျန်ငွေတောင်းခံခြင်းမှ သင့်အကာအကွယ်များကို သင်မှစာဖြင့်ရေးသား စွန့်လွှတ်ထားခြင်း မရှိပါက သင် တည်ငြိမ်သောအခြေအနေသို့ ရောက်ရှိပြီးနောက် ခံယူရနိုင်သည့် ဝန်ဆောင်မှုများ ပါဝင်ပါသည်။

**ကွန်ရက်တွင်းရှိ ဆေးရုံ သို့မဟုတ် နေ့ချင်းပြန်ခွဲစိတ်ကုသရေးဌာနတွင် ပေးသည့် အချို့သောဝန်ဆောင်မှုများ**

ကွန်ရက်တွင်းရှိ ဆေးရုံ သို့မဟုတ် နေ့ချင်းပြန်ခွဲစိတ်ကုသရေးဌာနမှ ဝန်ဆောင်မှုများကို သင်ရရှိသောအခါ အချို့သော ဝန်ဆောင်မှုပေးသူများသည် ကွန်ရက်ပြင်ပမှ ဝန်ဆောင်မှုပေးသူ ဖြစ်နေနိုင်ပါသည်။ ထိုအခါများတွင် အဆိုပါဝန်ဆောင်မှုပေးသူများမှ သင့်ကို အများဆုံးတောင်းခံနိုင်သည်မှာ သင့်အစီအစဉ်၏ ကွန်ရက်တွင်း ကုန်ကျစရိတ်ခွဲဝေမှုပမာဏ ဖြစ်ပါသည်။ ၎င်းသည် အရေးပေါ်ဆေးဝါး၊ မေ့ဆေး၊ ရောဂါဗေဒ၊ ဓာတ်မှန်ဗေဒ၊ ဓာတ်ခွဲခန်း၊ မွေးကင်းစကလေးအထူးကု၊ လက်ထောက်ခွဲစိတ်ဆရာဝန်၊ ဆေးရုံဆရာဝန်၊ သို့မဟုတ် အထူးကြပ်မတ်ကုသရေးဝန်ဆောင်မှုများနှင့် သက်ဆိုင်ပါသည်။ ဤဝန်ဆောင်မှုပေးသူများသည် သင့်အား လက်ကျန်ငွေတောင်းခံခြင်း **မလုပ်နိုင်သလို** လက်ကျန်ငွေတောင်းခံခြင်းမှ သင့်အကာအကွယ်များကို စွန့်လွှတ်ပေးဖို့ တောင်းဆိုမည် **မဟုတ်ပါ။**

အကယ်၍ သင်သည် ဤကွန်ရက်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် အခြားဝန်ဆောင်မှုများကို ရရှိပါက သင် စာဖြင့်ခွင့်ပြုချက်ပေးကာ သင်၏အကာအကွယ်များကို စွန့်လွှတ်မပေးပါက ကွန်ရက်ပြင်ပဝန်ဆောင်မှုပေးသူများသည် သင့်အား လက်ကျန်ငွေတောင်းခံ၍ **မရနိုင်ပါ။**

**လက်ကျန်ငွေတောင်းခံခြင်းမှ သင့်အကာအကွယ်များကို**
**<u>ဘယ်သောအခါမှ</u>စွန့်လ ်ရန် မလိုအပ်ပါ။ သင်သည် ကွန်ရက်ပြင်ပမှ စောင့်ရှောက်ကုသမှုကို ယူရန်လည်း မလိုအပ်ပါ။ သင့်အစီအစဉ်၏ကွန်ရက်တွင်းမှ ဝန်ဆောင်မှုပေးသူ သို့မဟုတ်** ကျန်းမာရေးစောင့်ရှောက်မှုဌာန**တစ်ခုကို သင်ရွေးချယ်နိုင်သည်။**

## လက်ကျန်ငွေတောင်းခံခြင်းကို ခွင့်မပြုသောအခါ၊ သင့်ထံတွင် အောက်ပါကာကွယ်မှုများလည်း ရှိပါသည်-

- (ဝန်ဆောင်မှုပေးသူ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဌာနသည် ကွန်ရက်တွင်းဖြစ်ပါက သင်ပေးချေရမည့် အခြားကုသစရိတ်ငွေပေးချေမှု၊ လက်ကျန်တောင်းခံငွေ ပေးချေမှု နှင့်/သို့မဟုတ် ဝန်ဆောင်မှုယူရန် တောင်းခံသည့်စရိတ် ပေးချေမှုများကဲ့သို့) ကုန်ကျစရိတ်ထဲမှ သင်ပေးရမည့်ဝေစုကို ပေးဆောင်ရန်သာ သင့်ထံတွင် တာဝန်ရှိပါသည်။ သင့်ကျန်းမာရေးအစီအစဉ်သည် ကွန်ရက်ပြင်ပမှ ဝန်ဆောင်မှုပေးသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနများအတွက် တိုက်ရိုက်ပေးချေပါလိမ့်မည်။
- သင်၏ကျန်းမာရေးအစီအစဉ်သည် ယေဘုယျအားဖြင့်-
    - ဝန်ဆောင်မှုများအတွက် သင်က ကြိုတင်၍ (ကြိုတင်ခွင့်ပြုချက်) ရယူရန် မလိုအ ် ် အရေးပေါ်ဝန်ဆောင်မှုများပါဝင်ရမည်။
    - ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူများ၏ အရေးပေါ်ဝန်ဆောင်မှုများပါဝင်ရမည်။
    - ဝန်ဆောင်မှုပေးသူ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဌာနကို သင် ပေးရန်ရှိသည့် ပမာဏ (ကုန်ကျစရိတ်ခွဲဝေမှု) အား ကွန်ရက်တွင်း ဝန်ဆောင်မှုပေးသူ သို့မဟုတ် ဌာနများကို ၎င်းက ပေးချေမည့်ပမာဏအပေါ် အခြေခံပြီး ထိုပမာဏကို သင်၏အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းချက်တွင် ဖော်ပြရမည်။
    - အရေးပေါ်ဝန်ဆောင်မှုများ သို့မဟုတ် ကွန်ရက်ပြင်ပဝန်ဆောင်မှုများအတွက် သင်ပေးဆောင်သည့် မည်သည့်ပမာဏကိုမဆို သင်၏ ဝန်ဆောင်မှုယူရန် တောင်းခံသည့်စရိတ်အား ပေးချေမှုနှင့် ကိုယ်တိုင်စိုက်ထုတ်ပေးချေမှု ကန့်သတ်ချက်ထဲတွင် ထည့်သွင်းရေတွက်ရမည်။

**သင့်အား မှားယွင်းစွာ ငွေတောင်းခံထားကြောင်း ယုံကြည်ပါက** သို့မဟုတ် ပိုမိုသိရှိလိုပါက 1-800-985-3059 သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။

ဖက်ဒရယ်ဥပဒေအရ သင့်အခွင့်အရေးများအကြောင်း နောက်ထပ်အချက်အလက်များအတွက်

https://www.cms.gov/nosurprises သို့ ဝင်ရောက်ကြည့်ရှုပါ။